**မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစု အဖွဲ့ကြီး**

**၈၈ မျိုးဆက်ကျောင်းသားများ**

**ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်**

စာအမှတ် ။ ။ ၇/၂၀၁၀(မဃတ+၈၈+ဗကသ)
ရက်စွဲ ။ ။ မေလ ၂၅ ရက်၊ ၂၀၁၀ ခုနှစ်။
ရန်ကုန်မြို့၊ မြန်မာနိုင်ငံ။

# ၂၀၀၈ စစ်ဖွဲ့စည်းပုံကို အသက်သွင်းမည့် ၂၀၁၀ မတရားရွေးကောက်ပွဲအား ပြတ်ပြတ်သားသား ဆန့်ကျင်သပိတ်မှောက်ကြ

ရဟန်းရှင်လူ တိုင်းရင်းသားပြည်သူ ကျောင်းသား လူငယ်အပေါင်းတို့

၁။ စစ်အစိုးရကိုယ်တိုင် ကျင်းပပေးခဲ့သော ၁၉၉၀ ခုနှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် လူထုကိုယ်စားလှယ်များဘက်မှ အပြတ်အသတ် အနိုင်ရရှိခဲ့သည်မှာ လာမည့် ၂၀၁၀ ခုနှစ် မေလ ၂၇ ရက်နေ့တွင် အနှစ်(၂၀)ပြည့်တော့မည် ဖြစ်ပါသည်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ဆိုသည်မှာ ရင်ထဲက မဲဆန္ဒများကို ထုတ်ဖော်ပြသခြင်းအားဖြင့် ပြည်သူလူထုက ရှစ်လေးလုံး အရေးတော်ပုံကြီး၏ မပြီးပြတ်သေးသော ဒီမိုကရေစီရေးတိုက်ပွဲကို ဆက်လက်ဆင်နွှဲခဲ့ကြသည့် အကျိုးရလဒ်ပင် ဖြစ်သည်။

**အနိုင်ရပါတီကို အာဏာလွှဲပေးပြီး စစ်တန်းလျားပြန်မည်**ဟု ကမ္ဘာသိ ကတိပြုပြောဆိုထားခဲ့သော စစ်အစိုးရသည် အနှစ်(၂၀)ပြည့်သည့် ယနေ့ထက်တိုင် ထိုကတိအတိုင်း လုံးဝ ဆောင်ရွက်မပေးဘဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရုံးခန်းများ ချိတ်ပိတ်ခြင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ဒီမိုကရေစီအင်အားစုများအား မတရားဖမ်းဆီးထောင်ချခြင်း၊ အကြမ်းဖက် လုပ်ကြံသတ်ဖြတ်ခြင်းများကိုသာ ပြောင်ကျကျ တလျှောက်လုံး ကျူးလွန်နေခဲ့ပါသည်။

ယခုဆိုလျှင် ၂၀၁၀ ရွေးကောက်ပွဲဆိုင်ရာ မတရားသည့် အမိန့်အာဏာများကို ထုတ်ပြန်ပြီး ပြည်သူလူထုက ရွေးချယ်ဆန္ဒပြုခဲ့သည့် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်အား တရားမဝင် တဖက်သတ်ဖျက်သိမ်းခဲ့ပြန်သည်။

၂။ စစ်အစိုးရအနေဖြင့် ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ပေးခြင်း မပြုဘဲ ၂၀၀၈ စစ်ဖွဲ့စည်းပုံကို အသက်သွင်းမည့် ၂၀၁၀ ရွေးကောက်ပွဲဆိုသည်ကို မကြာမီ ပြုလုပ်တော့မည်ဖြစ်သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ စစ်တပ်ထဲမှ လက်တဆုပ်စာ ထိပ်သီးစစ်ဗိုလ်ချုပ်ကြီးများနှင့် ဆွေမျိုးအသိုင်းအဝိုင်းတစု၏အကျိုးစီးပွားကို ကာကွယ်ရန်အတွက် စစ်အာဏာရှင်စနစ် တရားဝင်ထာဝရ သက်ဆိုးရှည်စေရန် ဖိအားပေး အကွက်ချ ရေးဆွဲထားသည့် အရပ်သားမျက်နှာဖုံးစွပ် စစ်အုပ်ချုပ်ရေးဖွဲ့စည်းပုံသာဖြစ်သည်။

ဤဖွဲ့စည်းပုံသည် တိုင်းရင်းသား ပြည်သူတို့၏ အကျိုးစီးပွားနှင့် ဘဝလုံခြုံမှုအတွက် အာမခံချက် လုံးဝ ကင်းမဲ့နေရုံသာမက၊ အတည်ပြုခဲ့ပုံမှာလည်း ပြည်သူများ သိန်းနှင့်ချီသေဆုံးကာ၊ သန်းနှင့်ချီ ဘေးဒုက္ခဆိုးကြီးကျရောက်နေသည့်ကြားက အာဏာမိုးမှုန်ပြီး အတင်းအဓမ္မအတည်ပြုခဲ့သည့် နာဂစ်ဖွဲ့စည်းပုံဖြစ်သည်ကို ပြည်သူအပေါင်းတို့ ကိုယ်တွေ့ပင် ဖြစ်ပေသည်။

၃။ ထိုအကြောင်းများကြောင့် ပြည်သူတို့ရွေးကောက်တင်မြှောက်ခဲ့ကြသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် တိုင်းရင်းသားပါတီများက ၂၀၀၈ စစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံဘဲ ယခုနှစ် ဧပြီလ(၂၉)ရက်နေ့တွင် နိုင်ငံရေးပါတီအဖြစ် ထပ်မံမှတ်ပုံမတင်ဘဲ အတိအလင်း သပိတ်မှောက်ခဲ့ကြပြီဖြစ်သည်။

အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများကလည်း ၂၀၀၈ စစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ယုံကြည်မှု မရှိကြောင်း၊ လုံးဝ လက်မခံနိုင်ကြောင်းကို နအဖစစ်တပ်လက်အောက်တွင် နယ်ခြားစောင့်တပ် ဖွဲ့စည်းရေးအား အကြိမ်ကြိမ် ငြင်းဆန်ခြင်းဖြင့် ဖေါ်ပြလျက်ရှိပါသည်။

၄။ မိမိတို့နိုင်ငံတွင် ထာဝရစစ်အုပ်ချုပ်ရေးကို တရားဝင်လိုင်စင်ရမသွားစေရေးအတွက် တိုင်းရင်းသားပြည်သူတရပ်လုံးအနေဖြင့် **အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် ၁၉၉၀ ရွေးကောက်ပွဲ အနိုင်ရ တိုင်းရင်းသားပါတီများနှင့် လက်တွဲ၍ ၂၀၀၈ စစ်ဖွဲ့စည်းပုံကိုအသက်သွင်းမည့် ၂၀၁၀ မတရားရွေးကောက်ပွဲအား ပြတ်ပြတ်သားသား သပိတ်မှောက်ဆန္ဒပြကြသည့်နည်းဖြင့် စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးကို အမျိုးသားရေးတာဝန်တရပ်အဖြစ် ညီညီညွတ်ညွတ် ပြသရန် အချိန်ရောက်ပြီဖြစ်သည်။**

တိုင်းရင်းသားပြည်သူ ကျောင်းသားလူငယ်အပေါင်းတို့အနေဖြင့်

(က) မဲရုံများသို့ လုံးဝ မဲသွားမပေးခြင်းဖြင့်လည်းကောင်း

(ခ) ကြိုတင်ဆန္ဒမဲဖြင့် လုံးဝ မဲမပေးခြင်းဖြင့်လည်းကောင်း

(ဂ) အာဏာ၊ ငွေကြေးဖြင့် ခြိမ်းခြောက်မြူဆွယ် မဲပေးခိုင်းပါက ပယ်မဲဖြစ်အောင် ပြုလုပ်ပေးခြင်းဖြင့်လည်းကောင်း

၂၀၁၀ ရွေးကောက်ပွဲအား ပြတ်ပြတ်သားသား သပိတ်မှောက်ဆန္ဒပြကြပါရန် မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး၊ ၈၈ မျိုးဆက်ကျောင်းသားများ နှင့် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်တို့မှ လေးလေးနက်နက် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစု အဖွဲ့ကြီး**
**၈၈ မျိုးဆက်ကျောင်းသားများ**
**ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်**